# ကိုဗစ်-၁၉ လစဉ်သတင်းလွှာ

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၂၅ ရက်နေ့

## မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ အရှိန်အဟုန် မြင့်တက်နေစဉ်အတွင်း အသင်း၏ ဒေသတွင်း အသက်ကူညီကယ်ဆယ်ရေး လှုပ်ရှားမှုများ



**လုပ်ဆောင်ခြင်း** လူတိုင်းကို ကာကွယ်စောင့်ရှောက်ရန်



**ကူညီခြင်း** IDP များ စသည့် ထိခိုက်အလွယ်ဆုံးသူများကို ကူညီရန်



**ဂရုစိုက်ခြင်း** လူသားချင်းစာနာထောက်ထားမှုဖြင့် စိတ်ပူပန်မှုသက်သာစေရန်



**ဖြည့်ဆည်းခြင်း** အစိုးရ၏ လူမှုကရုဏာလုပ်ငန်းတွင် အရန်အင်းအားအဖြစ်ပါဝင်ဆောင်ရွက်ရန်

**Everywhere for everyone.**

## မာတိကာ

**စာမျက်နှာ ၁-**
**ကိုဗစ်-၁၉ လက်ရှိ အခြေအနေနှင့် အသင်း၏ တုံ့ပြန်ဆောင်ရွက်မှုများ**


**စာမျက်နှာ ၂-**
**ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကိုဗစ်-၁၉ ကိုခြေရာကောက်ခြင်း**

**စာမျက်နှာ ၃-**
**ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ လှုပ်ရှားဆောင်ရွက်မှု**
**IFRC ပြန်လည်စိစစ်ချက်နှင့် အဓိက ထုတ်ဝေသည့် စာစောင်များ**


**စာမျက်နှာ ၄-**
**ရာသီဥတု - အနီရောင်သတိပေးချက်**
**အခိုက်အတန့်**
**ပြောင်းလဲလာသည့် လူသားချင်းစာနာထောက်ထားမှု**

## ပြီးခဲ့သည့် ရက်ပေါင်း ၄၀ အတွင်း မြန်မာနိုင်ငံရှိ ကိုဗစ်-၁၉ ကူးစက်မှု အခြေအနေ

ဩဂုတ်လ ၁၆ ရက်နေ့မှစပြီး ရခိုင်ပြည်နယ်တွင်ပြည်တွင်းကူးစက်မှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်ကူးစက်မှုနှုန်း လျင်မြန်စွာတိုးလာခဲ့ပါသည်။



ရခိုင်ပြည်နယ်ရှိ ကိုဗစ်-၁၉ အတည်ပြုလူနာများ



ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ်-၁၉ အတည်ပြုလူနာများ

## အသင်း၏ တုံ့ပြန်ဆောင်ရွက်မှုများ

ရခိုင်ပြည်နယ်


ကျန်းမာရေးစောင့်ရှောက်မှု


ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး


နှာခေါင်းစည်း ဖြန့်ဝေခြင်း


စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အားပေးကူညီခြင်း

ရန်ကုန်


စောင့်ရှောက်မှုတာဝန်


စောင့်ကြပ်ကြည့်ရှုရေးစခန်းများတွင် လှုပ်ရှားမှု


အသိပညာမြှင့်တင်ခြင်း


အခြေခံ လိုအပ်ချက်များ

# ကြက်ခြေနီတို့၏ အသံများ - ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ကိုဗစ်-၁၉ ကိုကာကွယ်ခြင်း



*"IDP* စခန်းတွေမှာ ကိုဗစ်-၁၉ ကာကွယ်ရေး လှုပ်ရှားမှုများကို ဆက်တိုက်လုပ်နေပါတယ်။ စခန်းမှာရှိတဲ့လူများက ရောဂါပိုးအမည်ကို မေးကြတယ်။ ကျွန်တော်တို့က ရောဂါကာကွယ်ရေး အသိပညာမြှင့်တင်ရေးနှင့် စနစ်တကျ လက်ဆေးနည်းတွေကို ပြသနပေးပါတယ်။ ကျွန်တော် အိမ်ပြန်ရောက်တာနဲ့ မိသားစုနဲ့ ဝေးဝေးနေတယ်၊ သီးသန့်အခန်းမှာနေပြီး တစ်ဦးတည်းစားတယ်။ မိသားစုနဲ့ တိုက်ရိုက်ထိတွေ့မှု မရှိအောင် နေတယ်။ ဩဂုတ်လ ၁၆ ရက်နေ့ကစပြီး ပြည်တွင်းကူးစက်မှုကြောင့် ကိုဗစ်-၁၉ ကူးစက်မှုက အရင်နဲ့မတူတော့ပါ။ ကျွန်တော်တို့ ပိုကြောက်လာကြတယ်။ ရပ်ရွာလူထုလည်း အကြောက်တရားတွေ ခံစားနေရတယ်။"

မောင်မောင်သိန်း၊ ကြက်ခြေနီစေတနာလုပ်အားရှင်၊ စစ်တွေ၊ ရခိုင်ပြည်နယ်။



ပြည်နယ်နှင့် တိုင်းဒေသကြီးတွေကြား ကုန်သွယ်မှုတွေကို ကန့်သတ်ထားတာကြောင့် စီးပွားရေးတွေဆိုးလာပါတယ်။ ဝင်ငွေ နည်းပါးတဲ့အတွက် နှာခေါင်းစည်းတွေ မဝယ်နိုင်ကြတာတွေနဲ့ ပစ္စည်းမရှိတာတွေကြောင့် ခက်ခဲနေပါတယ်။ ကျွန်မတို့တွေ ရပ်ရွာလူထုကို ဖြန့်ဝေဖို့ အဝတ်နှာခေါင်းစည်းတွေ ချုပ်နေကြပါတယ်။ အဝတ်နှာခေါင်းစည်းတွေပြုလုပ်ရာမှာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက လမ်းညွှန်ချက်တွေအတိုင်း ပြုလုပ်ပါတယ်။ ထို့အပြင် ကျွန်မ စစ်တွေဆေးရုံနှင့် စစ်တွေတက္ကသိုလ်တွေမှာရှိတဲ့ အရေးပေါ်ဌာနမှာ ကူညီပေးနေပါတယ်။ စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာအားပေးတာတွေနှင့် ပြန်လည်ကျန်းမာလာသူတွေကို အိမ်ပြန်ခရီးမှာ ကူညီတာတွေလုပ်ပေးနေပါတယ်။ ရခိုင်ပြည်နယ်က လူတွေအတွက်ကတော့ ကျန်းမာရေး စောင့်ရှောက်မှု၊ နှာခေါင်းစည်းနဲ့ စားနပ်ရိက္ခာတွေ လိုတာပေါ့။"

မခိုင်စော၊ ကြက်ခြေနီစေတနာလုပ်အားရှင်၊ စစ်တွေ၊ ရခိုင်ပြည်နယ်။

ရခိုင်ပြည်သူ ပြည်သားများနှင့် အချိန်တိုင်း နေရာတိုင်း အတူရှိနေပါတယ်။



ဆိပ်ကမ်းများ



လမ်းများ



IDPစခန်းများ



အရေးပေါ်ကုသရေးဌာနများ

လက်ရှိအချိန်တွင် အသင်း၏ ဝန်ထမ်းနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်ပေါင်း ၁၀၀ ကျော်က ရခိုင်ပြည်နယ်အနှံ့တွင် ကိုဗစ်-၁၉ ကာကွယ်ရေးတွေမှာ လူတိုင်းအတွက် နေ့စဉ်နှင့် အမျှလုပ်ဆောင်လျက်ရှိပါသည်။




## ရခိုင်ပြည်နယ်ရှိ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများထံ ငွေလွှဲခြင်း

**ကိုဗစ်-၁၉ ကာလများအတွင်း ငွေသားထောက်ပံ့ခြင်းဆိုသည်မှာ ဘေးအန္တရာယ် ကင်းရှင်းရေး၊ ဘေးကင်းလုံခြုံရေး၊ ဖြည့်ဆည်းရေးတို့တွင် မိမိကိုယ်တိုင် ရပ်တည်နိုင်ပြီး အခြားသူတစ်ဦးကိုလည်း ယခုလို ကူညီနိုင်ရန်ဖြစ်ပါတယ်။ ကျွန်ုပ်တို့၏ ရပ်ရွာ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးစီမံချက်များသည် ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကို တုံ့ပြန်ရာမှာ ပံ့ပိုးကူညီပေးနိုင်ရန်ဖြစ်သည်။**

၂၀၂၀ ပြည့်နှစ် မတ်လမှစတင်၍ ရခိုင်ပြည်နယ် အလယ်ပိုင်းဒေသရှိ ရပ်ရွာလူထုကို မြန်မာကျပ်ငွေ ၁၉၃,၅၁၄,၆၀၀ (CHF ၁၃၃,၄၅၈) လွှဲပေးခဲ့သည်။ ငွေလွှဲမှုများတွင် အသင်းသည် ရပ်ရွာဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးကော်မတီများ၊ အမျိုးသမီးများ၏ အုပ်စုဖွဲ့လှည့်ပတ်ရန်ပုံငွေ၊ စေတနာလုပ်အားရှင်များအဖွဲ့များကဲ့သို့သောရပ်ရွာအခြေပြု လုပ်ဆောင်မှုများမှတဆင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း၊ တာဝန်ယူမှုတာဝန်ခံမှုနှင့် လူမှုစည်းလုံးညီညွတ်မှုတို့ တိုးမြင့်စေလျက် ကိုဗစ်-၁၉ ကို ရင်ဆိုင်တုံ့ပြန်လျက်ရှိစေပါသည်။

ထုတ်ဝေစာစောင်ကို ဤလင့်တွင်ရယူပါ။ here.

## COVID-19 ဒဏ်ခံနေရသော ရန်ကုန် ရှေ့တန်းမျက်နှာပြင်

ရန်ကုန်မြို့တွင် ကိုဗစ်-၁၉ အတည်ပြုလူနာအများဆုံးတွေ့နေရပါသည်။ နေ့စဉ်နှင့်အမျှ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ဝန်ထမ်းများသည် ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ ရှေ့တန်းမျက်နှာပြင်တွင် ရပ်ရွာလူထုအတွက် အသိပညာမြှင့်တင်ခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေခြင်း၊ ရပ်ရွာအခြေပြု စောင့်ကြပ်ကြည့်ရှုရေး စင်တာများတွင် ကြိုတင်ပြင်ဆင်ခြင်းတို့ကို ပြုလုပ်လျက် ရှိပါသည်။









**ကျွန်ုပ်တို့၏ ချစ်ကြည်ရေးပန်းတိုင် - လူသားချင်းစာနာထောက်ထားမှု**

ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ၎င်းတို့၏ သူငယ်ချင်း ကြက်ခြေနီစေတနာလုပ်အားရှင်များကိုအားကျသောကြောင့် အသင်းသို့ ဝင်ရောက်ပူးပေါင်း လုပ်ဆောင်နေသည်ကို သင်သိပါသလား။ ရန်ကုန်မြို့၏ ကိုဗစ်-၁၉ ကူးစက်မှု အခြေအနေသည် လွန်စွာ ဆိုးရွားလျက်ရှိသောကြောင့် ယခုလိုအချိန်မျိုးတွင်ပင် ကျွန်ုပ်တို့၏ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ၎င်းတို့၏ သူငယ်ချင်းများ၊ မိသားစုဝင်များနှင့် အခြားသူများကို လူသားချင်းစာနာထောက်ထားမှု စိတ်ဓါတ်ဖြင့် ရောဂါကာကွယ်ရေး လုပ်ငန်းများတွင် ဆက်လက်လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။

## လုပ်ငန်းခွင်အတွင်းမှ ကြက်ခြေနီစေတနာလုပ်အားရှင်များ လူသားတိုင်းကို အမြဲ ကူညီ နေရာတိုင်းမှာ ကြက်ခြေနီ


ချင်းပြည်နယ်တွင် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း


ကရင်ပြည်နယ်တွင် လက်သန့်ဆေးရည်များဖြန့်ဝေခြင်း

ကျွန်ုပ်တို့၏ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ရပ်ရွာလူထုအတွက် ကိုဗစ်-၁၉ ကာကွယ်ရေး လှုပ်ရှားမှုများကို နေ့ရောညပါလုပ်ဆောင်နေကြသည်မှာ (၈) လခန့်ရှိပြီဖြစ်သည်။ ထိုသည့်တိုင် ကျွန်ုပ်တို့၏ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် လူတိုင်း ဘေးကင်းသည်အထိ ရပ်တန့်ခြင်း အလျင်းမရှိ ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် နေရာတိုင်း လူတိုင်းအတွက် အသိပညာမြှင့်တင်ခြင်း၊ အခြေခံလိုအပ်ချက် ပစ္စည်းများ ဖြန့်ဝေခြင်းနှင့် သင်ပြုံးပျော်ရွှင်စေရန် စိတ်ပိုင်းဆိုင်ရာ အားပေးလျက်ရှိနေသည်ကို တွေ့နိုင်ပေသည်။



**မြန်မာ့တိုင်းမ်(စ်) သတင်းစာပါ သတင်းဆောင်းပါး- မြန်မာနိုင်ငံရှိ ကိုဗစ်-၁၉ တိုက်ပွဲမှ ပေါ်ထွက်လာသည့် ဒေသခံ သူရဲကောင်း ကြက်ခြေနီစေတနာလုပ်အားရှင်များ**

ကြက်ခြေနီစေတနာလုပ်အားရှင်အဖြစ် အချိန်ကြာမြင့်စွာ ဆောင်ရွက်လျက်ရှိသည့် ကျွန်ုပ်တို့အား စိတ်တက်ကြွစေရန်စိတ်ခွန်အားပေးနေသည့် လူငယ်ကြက်ခြေနီစေတနာ လုပ်အားရှင် မောင်နှမနှစ်ဦး အကြောင်းကို ဤလင့်တွင် ဖတ်ရှုနိုင်သည်။ here.


နေပြည်တော်တွင် အသိပညာမြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း


ကချင်ပြည်နယ်ရှိ စောင့်ကြပ်ကြည့်ရှုရေး စင်တာများတွင် စားနပ်ရိက္ခာများ ဖြန့်ဝေပေးခြင်း

အခြေခံ ၇ ချက်

- လူသားချင်း စာနာ ထောက်ထားခြင်း
- ခွဲခြားမှု မရှိခြင်း
- ကြားနေခြင်း
- လွတ်လပ်ခြင်း
- စေတနာ့ဝန်ထမ်း အကျိုးဆောင်ခြင်း
- စည်းလုံးညီညွတ်ခြင်း
- ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း


ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကိုယ်အပူချိန် တိုင်းတာခြင်း


ဧရာဝတီတိုင်းဒေသကြီးတွင် ရပ်ရွာနှင့် ထိတွေ့ဆက်ဆံခြင်း

## IFRC ၏ ပြန်လည်စိစစ်ထားသော အရေးပေါ် ထောက်ပံ့ငွေ အခြေအနေများ

IFRC သည် ၎င်း၏ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ဆောင်ချက်များအတွင်း ကြက်ခြေနီနှင့် လခြမ်းနီ အမျိုးသားအသင်းများကို ပံ့ပိုးကူညီရန် CHF ၁.၉ ဘီလီယံ (၁.၉၅ ဘီလီယံ ဒေါ်လာ) ထောက်ပံ့နေပါသည်။ ထိုရန်ပုံငွေမှ CHF သန်း ၄၅၀ ကို အမျိုးသားအသင်းများကို ပံ့ပိုးကူညီရန် IFRC အတွင်းရေးမှူးမှတဆင့် လုပ်ဆောင်သွားမည်ဖြစ်သည်။ **ယခုလက်ရှိတွင် CHF ၂၁၃,၇၂၉,၄၅၁ ခန့် လက်ခံရရှိပြီး ဖြစ်သည်။** (IFRC Go တွင် အသေးစိတ် လေ့လာနိုင်သည်။)


### IFRC ဦးစားပေးလုပ်ငန်းများ

- ကျန်းမာရေး & ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး
- လူမှုစီးပွားရေး အပေါ် သက်ရောက်မှု လျှော့ချရေး
- စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ဘေးကင်းလုံခြုံစေခြင်း

**450,000,000**
Funding Requirements (CHF)

**213,729,451**
Funding (CHF)

## Asia Pacific မှ ထုတ်ဝေသော စာစောင်များ




**အောက်ပါဖော်ပြပါနိုင်ငံတို့မှ ရပ်ရွာလူထု၏ ကိုဗစ်-၁၉ အပေါ် သဘောထားအမြင်များ**

- **အင်ဒိုနီးရှား**
- **မလေးရှား**
- **မြန်မာ**
- **ပါကစ္စတန်**

ရပ်ရွာအတွင်း ကိုဗစ်-၁၉ ကြောင့် အဓိက ကြောက်ရွံ့မှုများ နှင့် စိတ်ပူပန်မှုများကို ဖော်ပြသော လူပေါင်း ၅,၀၀၀ ခန့်ပါဝင်သည့် စစ်တမ်း။

ဤလင့်ခ်တွင် ရယူပါ။ here

# ရာသီဥတု - ကိုဗစ်-၁၉ ကာလအတွင်း အနီရောင်သတိပေးချက်




Watch ချားလ်စ်မင်းသား၏ ရာသီဥတု-အနီရောင်သတိပေးချက် ဆိုင်ရာ အရေးကြီးမိန့်ခွန်း

**ရာသီဥတု - အနီရောင်သတိပေးချက်ျ -** IFRC မှ ကျင်းပသော ကမ္ဘာ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဒစ်ဂျစ်တယ်ညီလာခံတွင် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များပံ့ပိုးမှုကို စုစည်းလှုံ့ဆော်ရန်၊ အားလုံးအတွက် ပို၍ ကောင်းမွန်လုံခြုံသော အနာဂါတ်တစ်ခုကို ဖန်တီးတည်ဆောက်နိုင်ရန်အတွက် စိတ်ကူးများနှင့် အတွေ့အကြုံများ မျှဝေမှု ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၉-၁၀ တွင် ကျင်းပခဲ့သည်။ ကမ္ဘာ့ ပထမဆုံး ဒစ်ဂျစ်တယ်ညီလာခံကို လူငယ်ချန်ပီယံများ၊ တက်ကြွလှုပ်ရှားသူများ၊ အစိုးရ ဝန်ကြီးများနှင့် အခြား ပြုပြင်ပြောင်းလဲနေသူ စုစုပေါင်း ၁၀,၀၀၀ ခန့်တက်ရောက်ကြပြီး စိတ်ဝင်စားဖွယ်ဆွေးနွေးမှုအပိုင်း ၁၀၀ ခန့် ပြုလုပ်ခဲ့ပါသည်။

**အသင်းသည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ရာသီဥတု -အနီရောင်သတိပေးချက်အပိုင်း (၂) ခုတွင် အောက်ပါအတိုင်း ပါဝင်ခဲ့သည်။ -**

**အပိုင်း ၁ -** အာရှပစိဖိတ်ဒေသတွင် ရာသီဥတုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ခြင်း နှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း မြှင့်တင်ရာတွင် ရပ်ရွာလူထုအား ထိတွေ့ဆက်သွယ်ခြင်းခေါင်းစဉ်တွင် အသင်းအနေဖြင့် လက်ရှိ အန္တရာယ်များ၊ ထိခိုက်ဆုံးရှုံးနိုင်ခြေများကိုသာ အလေးထားဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ အလားအလာရှိသော အနာဂါတ် ဆုံးရှုံးနိုင်ခြေများနှင့် သဘာဝ ဘေးအန္တရာယ် အပေါ် သက်ရောက်မှုများကိုပါ အလေးပေးဆောင်ရွက်၍ ဘေးအန္တရာယ် လျှော့ချခြင်းသာမက ရာသီဥတုပြောင်းလဲခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

**အပိုင်း ၂ -** ၂၀၃၀ ပြည့်နှစ်တွင် မြို့တော်များ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းပိုမိုမြင့်မားစေရန် အရှိန်အဟုန်မြှင့်လုပ်ဆောင်ခြင်းနှင့် စပ်လျဉ်း၍ အသင်းသည် ရာသီဥတုကို ထည့်သွင်းစဉ်းစားထားပြီး လူတိုင်းအကျုံးဝင်ပါဝင်စေသော မြို့ပြစီမံကိန်းများ၊ ချဉ်းကပ်နည်းလမ်းများ၊ စိန်ခေါ်မှုများ နှင့် သင်ခန်းစာများအပြင် ယင်း၏ မဟာဗျူဟာကျ ဦးစားပေးမှုများနှင့် ကိုက်ညီသည့် အနာဂါတ်အစီအစဉ်များကိုပါ ရှင်းလင်းတင်ပြခဲ့သည်။



## ၂၀၃၀ ပြည့်နှစ်တွင် မြို့တော်များဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းပိုမိုမြင့်မားစေရန်အတွက် လူတိုင်းအကျုံးဝင်ပါဝင်သော ရာသီဥတုကိုထည့်သွင်းစဉ်းစားထားသည့် မြို့ပြစီမံချက်

၂၀၁၆ ခုနှစ်မှစ၍ အသင်းသည် နှစ်ကာလရှည် မြို့ပြဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးစီမံချက်များမှ တစ်ဆင့် မြန်မာနိုင်ငံရှိ မြို့ပြဒေသများအပေါ် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို ဖြေရှင်းလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် အသင်းသည် နိုင်ငံအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး ငါးခုရှိ မြို့ပြလူဦးရေပေါင်း ၁၀၂,၀၀၀ ကျော်ကို တိုက်ရိုက်ထိတွေ့ပြီးဖြစ်သည်။ အဆိုပါ လှုပ်ရှားမှုသည် အသင်း၏ စီမံချက်နောက်တစ်ဆင့်ဖြစ်သည့် မြို့ပြနှင့် ကျောင်းများရှိ ကလေးသူငယ်များနှင့် ဆယ်ကျော်သက်များမှ ရာသီဥတုအကြောင်းကို ထည့်သွင်းစဉ်းစားတတ်သည့် အသိပညာရရှိရေးအတွက် ရှေ့ပြေးစမ်းသပ်ချက်ဖြစ်သည်။ အဆိုပါ နည်းလမ်းများသည် ၂၀၃၀ ပြည့်နှစ်တွင် ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးပြီး မြို့တော်များကို ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စေရန်ဟူသည့် ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ မျှော်မှန်းချက် နှင့် ရည်ရွယ်ချက်များကို အသင်းအနေဖြင့် မြှင့်တင်ပေးခြင်လည်းဖြစ်သည်။ ဤလင့်ခ်တွင် ရယူပါ။ here.

ခေတ်သစ် လူသားချင်းစာနာမှု



## ကိုဗစ်-၁၉ ကာလအတွင်း ဝေးကွာသော ဒေသများအထိ အကူအညီရောက်စေရန်အတွက် အသင်းမှ ဗီဒီယိုဖြင့် အစည်းအဝေးကျင်းပခြင်း

ကိုဗစ်-၁၉ ကြောင့် ခရီးသွားလာမှုကန့်သတ်ခြင်းများ ဆက်လက်ရှိနေစဉ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့နယ်ရှိ အသင်း၏ ပြည်သူ့ကျန်းမာရေးနှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးစီမံချက်ရုံးသည် ကျေးလက် ကျန်းမာရေးစခန်းများနှင့် ပုံမှန်ဆက်သွယ်နိုင်စေရန်အတွက် ဗီဒီယိုကွန်ဖရင့်တပ်ဆင်ခဲ့သည်။ ယင်းဆက်သွယ်မှုနည်းလမ်းကို သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများအတွက်လည်း အသုံးပြုမည်ဖြစ်ပြီး အခြေခံ စစ်တမ်းကောက်ယူချိန်တွင် ကြီးကြပ်မှု အားကောင်းစေရန်လည်း အသုံးပြုမည် ဖြစ်သည်။ ထို့အပြင် လွိုင်လင်မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် အသင်းဌာနချုပ်တို့ကြား ဆက်သွယ်ရေးကောင်းမွန်စေရန် အထောက်အပံ့ဖြစ်စေမည် ဖြစ်သည်။

**ယခုစီမံချက်ကို ဖင်လန်ကြက်ခြေနီအသင်းမှ ရန်ပုံငွေ ထောက်ပံ့ခြင်းဖြစ်သည်။**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS)

ကြက်ခြေနီအခြေခံမူ (၇) ချက်နှင့်အညီ ဦးဆောင်ဦးရွက်ပြုနေသည့် လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ဘေးအန္တရာယ်ကျရောက်သူများကို ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ **MRCS** သည် နိုင်ငံတော်က ဥပဒေနှင့် ဖွဲ့စည်းထားပြီး လူမှုကရုဏာအခန်းကဏ္ဍတွင် နိုင်ငံတော်၏ အရန်အင်အားအဖြစ် ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည့်နှင့် အညီ နေရာတိုင်းတွင် လူသားတိုင်းအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

## အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ နှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)

အမျိုးသားအသင်းပေါင်း (၁၉၂) သင်းနှင့် ချိတ်ဆက်လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် ကမ္ဘာ့ပေါ်တွင် အကြီးဆုံးလူမှုကရုဏာကွန်ယက်ဖြစ်သည့် IFRC သည် သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ် ကျန်းမာရေးအခြေအနေများတွင် အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများကို အရေးကြီး သော နည်းပညာအကူအညီ၊ ငွေကြေးနှင့် ပစ္စည်းထောက်ပံ့ပို့ဆောင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

## ဆက်သွယ်ရန် လိပ်စာ

**ဒေါက်တာ နေထက်လင်း**
ကျန်းမာရေးဌာန၊ ဌာနမှူး
မြန်မာနိုင်ငံကြက်ခြေနီအသင်း
nayhtetlin@redcross.org.mm
+95 9 799 531 565

**Joseph Muyambo**
စီမံကိန်းညှိနှိုင်းရေးမှူး
IFRC မြန်မာနိုင်ငံ ဌာနရုံး
joseph.muyambo@ifrc.org
+95 9 450 719 453

**MRCS လူမှုစာမျက်နှာ**